၂၀၂၃ ခုနှစ် ၃၁ ရက် ဇန်နဝါရီလ

**လူ့အခွင့်အရေးကောင်စီ**
**(၅၂) ကြိမ်မြောက် အစည်းအဝေး**
၂၇ ရက် ဖေဖော်ဝါရီလ - ၃၁ ရက် မတ်လ

# ဥပဒေနှင့်ညီညွတ်မှုမရှိခြင်း၊ တရားဝင်မှုမရှိခြင်း

## မြန်မာစစ်တပ်၏ အစိုးရအဖြစ်ခံယူမှုနှင့် ယင်းအပေါ် နိုင်ငံတကာမှ တုံ့ပြန်မှုတို့ကို ဆန်းစစ်ခြင်း

## မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ အစည်းအဝေးတင်ပြချက်

*အနှစ်ချုပ်*

မြန်မာနိုင်ငံအတွင်း အခြေအနေများကို ထိန်းချုပ်နိုင်စွမ်း မရှိသည့်အပြင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစု၏ အသိအမှတ်ပြုမှုကိုလည်း မခံရသော အာဏာသိမ်းစစ်တပ် (ခေါ်) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (ခေါ်) နစက (ခေါ်) SAC သည် တရားမဝင်အာဏာ သိမ်းမှုကျူးလွန်ခဲ့အပြီး နှစ်နှစ်အကြာတွင် အလှည့်အပြောင်းတစ်ခု ကြုံတွေ့လာရပါသည်။ လူထုက စစ်အစိုးရကို ဆက်လက်၍ ဆန့်ကျင်ဖီဆန်နေပြီး စစ်တပ်ကလည်း ကျေးရွာများ ကို အရှိန်အဟုန်မြှင့်၍ ဦးတည်တိုက်ခိုက်လာနေသည်ဖြစ်ရာ SAC သည် တရားဝင်အစိုးရ အဖြစ် မတရားသဖြင့် ခံယူနိုင်ရန် ၂၀၂၃ ခုနှစ်တွင် အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်ပါလိမ့် မည်။ ထိုသို့လုပ်ဆောင်ရာ၌ "ရွေးကောက်ပွဲ"တစ်ခု ဟန်ပြကျင်းပခြင်းလည်း အပါအဝင် ဖြစ်လိမ့်မည်။ ၎င်း၏ရည်မှန်းချက်မှာ ပြည်ပ၌ နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ် ပြုမှုနှင့် ဆက်ဆံမှုကို ပြန်လည်ရရှိစေရန် နှင့် ပြည်တွင်း၌ ၎င်းကို တရားဝင်အစိုးရအဖြစ် နိုင်ငံသားများက ထင်မှတ်လာစေရန်တို့ ဖြစ်သည့်အပြင် လူထုထောက်ခံမှုရရှိထားသော အတိုက်အခံအင်အားစုကိုလည်း အကျိုးဆက်အားဖြင့် အင်အားချိနဲ့၍ အချည်းနှီးဖြစ်သွား စေရန် ရည်ရွယ်ပါသည်။

တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခံရရေး ဆောင်ရွက်ခြင်း နှင့် နိုင်ငံအတွင်း တော်လှန်ပုန်ကန်မှုများကို နှိမ်နှင်းခြင်းတို့တွင် မြန်မာစစ်အစိုးရအနေဖြင့် အောင်မြင်ခဲ့ခြင်း ရှိမရှိကို အဆုံးအဖြတ်ပေးရာ၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အရေးပါသော အခန်းကဏ္ဍ မှနေ၍ ပါဝင်ရပါလိမ့်မည်။ ထိုတာဝန်ကို ထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများထံ ဤအစည်းအဝေးတင်ပြချက်ကို တင်သွင်းအပ်ပါသည်။

ဤတင်ပြချက်တွင် မြန်မာနိုင်ငံ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားနည်းလမ်းကျစွာ အာဏာသိမ်းခဲ့သည်ဆိုသော SAC ၏ အဆိုကို လေ့လာခြင်း နှင့် တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမှုနှင့်စပ်လျဉ်း၍ ဒုတိယကမ္ဘာစစ်ကာလတည်းက ကျင့်သုံးလာခဲ့သော အခြေခံမှု ၂ ရပ်ကို အခြေခံထားသည့် နိုင်ငံတကာစံချိန်စံညွှန်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဟူသည့် နည်းလမ်းနှစ်မျိုးလုံးကို အသုံးပြု၍ SAC ၏ တရားဝင် အစိုးရဖြစ်မှုကို စိတ်ဖြာလေ့လာထားပါသည်။ ထိုသို့စိတ်ဖြာလေ့လာခဲ့ရာတွင် SAC ၏ စစ်အာဏာသိမ်းမှုသည် တရားနည်းလမ်းမကျကြောင်း၊ မြန်မာနိုင်ငံ၏ အစိုးရအဖြစ် ခံယူမှု သည် လည်း တရားမဝင်ကြောင်း ရှင်းလင်းပြတ်သားစွာ ကောက်ချက်ချနိုင်ခဲ့ပါသည်။

SAC ၏ အတိုက်အခံဘက်၌မှု ဒီမိုကရက်တစ်အစိုးရ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများမှ အဓိကခေါင်းဆောင်များသည် အစိုးရတစ်ရပ် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုခေါင်းဆောင်များသည် မြန်မာနိုင်ငံသားများ၏ဆန္ဒကို ကိုယ်စားပြု၍ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တို့ကို ဖွဲ့စည်းခဲ့ကြပြီး NUG ကမူ ဤအသွင်ကူးပြောင်းရေးကာလအတွက် အုပ်ချုပ်ရေးတာဝန်ကို ယူပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအတွက် တရားဝင်အစိုးရတစ်ခု ရွေးချယ်အသိအမှတ်ပြုရာတွင် NUG သည် SAC မဟုတ်သည့် အခြားရွေးချယ်စရာတစ်ခုအဖြစ် အခိုင်အမာ ရပ်တည်နေပါသည်။ SAC ၏ တရားဝင်အစိုးရဖြစ်မှုကို စစ်ဆေးရာ၌ အသုံးပြုခဲ့သော နိုင်ငံတကာ စံချိန်စံညွှန်းများဖြင့်ပင် NUG ၏ တရားဝင်အစိုးရဖြစ်မှုကို ထပ်တူစစ်ဆေးခဲ့ရာတွင် NUG သည် ပို၍တရားဝင်နေကြောင်း ဤအစီရင်ခံစာ၌ တွေ့ရှိခဲ့ပါသည်။

ဤအစီရင်ခံစာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် SAC တို့အကြား ထိတွေ့ဆက်ဆံမှုများကို စိတ်ဖြာလေ့လာပြထားရာတွင် SAC ကို တရားမဝင်ကြောင်း ကြေညာရာရောက်ခဲ့သော (သို့) တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမှုကို ရပ်ဆိုင်းထားခဲ့သော လုပ်ဆောင်ချက်များနှင့် တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရာရောက်ခဲ့သော လုပ်ဆောင်ချက်များကို အသားပေး၍ ဖော်ပြထားပါသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် မြန်မာနိုင်ငံသားများ၏ ဆန္ဒတို့ကို ထောက်ခံအားပေးကြသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် SAC ၏ တရားဝင်အစိုးရအဖြစ် ခံယူမှုကို အတိအလင်း ငြင်းပယ်ကြရန်၊ SAC အစား NUG ကိုသာ မြန်မာနိုင်ငံသားများကို ကိုယ်စားပြုသော တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုကြရန် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်က တိုက်တွန်းအပ်ပါသည်။ SAC မှ ဟန်ပြကျင်းပပေးမည့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ရွေးကောက်ပွဲကို အသိအမှတ်မပြုကြရန်လည်း အထူးကိုယ်စားလှယ်က တိုက်တွန်းအပ်ပါသည်။

မြန်မာပြည်သူပြည်သားများဘက်မှ ရပ်တည်ကြသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် SAC အတွက် လက်နက်နှင့်အရင်းအမြစ်များ မရရှိနိုင်စေရေး ဖြတ်တောက်ပိတ်ပင်နိုင်မည့် ညှိနှိုင်းဆောင်ရွက်ရေးမဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ၊ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံသားများအတွက် လူသားချင်း စာနာထောက်ထားရေး အကူအညီများနှင့် လက်နက်မဟုတ်သော အကူအညီများ ပေးနိုင်ရန်အလို့ငှာ အစိုးရပေါင်းစုံ ယာယီအဖွဲ့တစ်ဖွဲ့ကို လက်ငင်းဖွဲ့စည်းရန် အထူးကိုယ်စားလှယ်က အန္တိမအားဖြင့် ထပ်မံအကြံပြုအပ်ပါသည်။